# ၄၁း မင်္ဂလာဆုကျူး

## Come, Thou fount of every blessing

၁ ရာ ၇း၂၁

မင်္ဂလာဆုပေါင်း ဖြစ်ပွါးရာ၊ ယေရှုရှင်၊ မ တော်မူပါ။
နေ့ရက်တိုင်း ခံရာဆုကျေးဇူး။  နေ့ရက်တိုင်း ချီးမွမ်းလိုမူ။
ကောင်းကင်ဘုံသား ကျူးသောလင်္ကာ၊ တုပြိုင်လျက် ချီးမွမ်းလိုပါ။
မေတ္တာတော်တိုင်းထက် လွန်ကြီးပေ၊ မေတ္တာပင် ပြန်ပို့လိုလေ။

ခုတိုင်အောင် မစတော်မူလို၊ ဧဗနေဇာ ထူထောင်လို။
မ စ တော်မူ ကျေးဇူးကြောင့်ပေ။ ရွှေပြည်တော် ငါစောင့်စားလေ။
လမ်းလွဲလျက် ဘေးရောက်လုသောခါ၊ ယေရှုရှင် ငါ့ကိုလိုက်ရှာ။
ငါ့သက်ကို ကယ်တော် မူလိုငှာ၊ သက်တော်မြတ် စွန့်လေတကား။

ကျေးဇူးတော်သည် ထူးမြတ်လွန်လေ၊  ကျေးဇူးတော် အောက်မေ့လိုပေ။
ကျေးဇူးရှင်၊ ထိုကျေးဇူးအားဖြင့် ကျွန်ုပ်စိတ်ကို နှောင်စေချင်။
မှားမိလွန်းလို့၊ စိတ်ပျက်လုပါ၊ ချစ်ဖွယ်ရှင် ကယ် မ သနား၊
ကျွန်ုပ်စိတ်ကို ယူတော်မူလျှင်၊ ကောင်းကင်ဘုံက ပြင်ပါရှင်။

၍